ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(၂၀၁၆ - ၂၀၁၇)Village Development Plan (VDP)

ဝမ်ဗလကျေးရွာ၊ လွယ်ပိုင်းကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

# မာတိကာ

၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ ဝမ်ဗလကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲမြို့နယ်မြေပုံ



## ၂။ ဝမ်ဗလကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | လွယ်ဝိုင်း | ၆၄ | ၁၄၈ | ၁၃၃ | ၂၈၁ |
| ၂ | နမ့်မလင်း | ၂၃ | ၅၃ | ၄၈ | ၁၀၁ |
| ၃ | ဝမ်ဗလ | ၆၈ | ၁၄၅ | ၁၃၁ | ၂၇၆ |
| စုစုပေါင်း | | ၁၅၅ | ၃၄၆ | ၃၁၂ | ၆၅၈ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဝမ်ဗလကျေးရွာသည် ကယားပြည်နယ်၊ ဘောလခဲမြို့နယ်၊ ရွာသစ်မြို့အနောက်တောင်ဘက် (၁၀)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ အိမ်ခြေပေါင်း(၆၇) အိမ်၊ အိမ်ထောင်စုစုစုပေါင်း(၆၈)စု၊ ကျား(၁၄၅)ဦး၊ မ(၁၃၁)ဦးလူဦးရေစုစုပေါင်း(၂၇၆) ဦးနေထိုင်ကြသည်။ ရှမ်းလူမျိုးအများဆုံးနေထိုင်ကြပြီး ကယားလူမျိုးများအနည်းငယ်နေထိုင်ကြသည်။ ဂမ်ဗလကျေးရွာရှိ လူထုများအားလုံးသည်ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်ကြသောသူများဖြစ်ပါသည်။ ကျေးရွာသားများ၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ တောင်ယာလုပ်ငန်းဖြစ်သောနမ်းစိုက်ပျိုးခြင်းနှင့် လယ်ယာလုပ်ငန်းဖြစ်သောစပါး စိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်ပါသည်။ အချို့သောအိမ်ထောင်စုများတွင် တနိုင်တပိုင်လုပ်ငန်းများ ဖြစ်သောကြက်သွန်၊ ရှေပ်သီးနှင့် ဆေးရွက်ကြီးလုပ်ငန်းများအနည်းငယ်စိုက်ပျိုးကြသည်။ဂမ်ဗလကျေးရွာ၏ ပညာရေးအခြေအနေမှာမူလတန်းလွန်ကျောင်းရှိပြီးအလယ်တန်း(သို့) အထက်တန်းသို့ကူးသည့်အခါ ရွာသစ်မြို့၊ ဘောလခဲမြို့နှင့် လွိုင်ကော်မြို့ သို့သွားရောက်ပညာသင်ကြားလေ့ရှိပါသည်။ သို့သော်ပညာတတ်များအလွန်နည်းပါးသည်ကိုလည်းတွေ့ရှိရပါသည်။ ဂမ်ဗလကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌါနမှ သားဖွားဆရာမတစ်ဦး လာရောက်နေထိုင်ကာကျန်းမာရေး ဝန်ဆောင်မှုပြုလုပ်ပေးနေပါသည်။ သို့သော် အရေးကြီးသောလူနာများ အတွက် ရွာသစ်မြို့ဆေးရုံ၊ ဘောလခဲမြို့နယ် သို့မဟုတ် လွိုင်ကော်မြို့သို့ သွားရောက်ကုသရပါသည်။ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ဆက်ဆံရေးအတွက် ကျောက်ခင်းကားလမ်း ရှိပြီးဆက်သွယ်ရေးဖုန်းမရှိပါ။ အရေးကြီးဆက်သွယ်လိုပါကရွာသစ်မြို့သို့တက်ကာဆက်သွယ်ရေး လုပ်ဆောင်ရပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၆.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | ကျေးရွာအတွင်းရှိအိမ်ခြေများ၊ လက်ရှိသဘာဝအရင်းအမြစ်များအား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်များအားဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၆.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | ကျေးရွာအတွင်းရှိမိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာစံနှုန်းအပေါ် အခြေခံပြီးလူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ကျား-မရေးရာကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၆. ၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအားဖော်ထုတ်ခြင်း |
| ၄ | ကျား-မရေးရာကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၆. ၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့်အရေးများအား နှိုင်းယှဉ်ပြီးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြပြက္ခဒိန် | ၂၆. ၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအားဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများချိတ်ဆက်မှုပြ ဗင်းပုံစံ | ၂၆. ၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၂၁ | ၆၅ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအားဖော်ထုတ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


(က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



ဝမ်ဗလကျေးရွာတွင် အိမ်ခြေ (၆၇)အိမ်ရှိပြီး အိမ်ထောင်စုမှာ (၆၈) ရှိကာစုစုပေါင်း လူဦးရေမှာ(၂၇၆)ဦးခန့် နေထိုင်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တစ်မိုင်ခန့်အကွာတွင် သံလွင်မြစ်၊ တောင်ဘက်နှင့် အနောက်ဘက်တွင်တောင်တန်းများနှင့် ကျောက်တောင်များရှိပါသည်။ ယင်းကျေးရွာသူ/ ကျေးရွာသားများသည် နမ်းနှင့် စပါးစိုက်ပျိုးခြင်း၊ ကြက်သွန်၊ငရုပ်၊ဆေးရွက်ကြီးများစိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်စားသောက် ကြပါသည်။ မွေးမြူရေးအနည်းငယ်လည်းလုပ်ကိုင်ကြသည်။ဝမ်ဗလကျေးရွာတွင် ရှမ်းလူမျိုးများနှင့်ကယား လူမျိုးအနည်းငယ်စုပေါင်းနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကြပါသည်။ လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် ကုန်းလမ်းကြောင်းကိုသာအသုံးပြုကြပါသည်။ဝမ်ဗလ-ရွာသစ်လမ်းမှာ ကျောက်ချောလမ်းဖြစ်သော်လည်း အချို့သောနေရာများတွင်လမ်းများပျက်စီးနေသည့် အတွက်ကြောင့် မိုးတွင်းကာလအတောအတွင်း သွားလာရခက်ခက်မှုကို ကြုံရသည်။

ကျေးရွာအများပိုင် အဆောက်အဦးများမှာ မူလွန်ကျောင်း၊ လူငယ်ရိပ်သာနှင့် ရေလှောင်ကန်၊ ဘောလုံးကွင်းများဖြစ်ပါသည်။

**(ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း**



ဥစ္စာဓနကြွယ်ဝမှုဇယား


ဝမ်ဗလကျေးရွာ


၂၆.၁.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | ကား၊ ထွန်စက်၊ စက်လှေ၊ ထော်လာဂျီ ဆိုင်၊ ပျဉ်ထောင်အိမ်၊ TV၊ ရေခဲသေတ္တာ ဖုန်း၊ ကျွဲ+နွား (၁၀ကောင်)၊ လယ်(၃ဧကအထက်) တောင်ယာခင်း(၅ဧက)၊ အိမ်ထောင်ပရိဘောဂ၊ နွားလှည်း၊ ဝက်၊ ကြက် | ၃ | ၄.၄၇% |
| (ခ) | အိမ်(ပျဉ်ထောင်)၊ စက်ဘီး၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ တောင်ယာခင်း(၅ဧက)၊ လယ်(၁ဧကအထက်) ဝက်၊ ကြက်၊ နွား(၅)ကောင်အောက် | ၃၄ | ၅၀% |
| (ဂ) | အိမ်(ပျဉ်ခင်း၊ဝါးထရံကာ)၊ တောင်ယာ(၂ဧက) ကြက်၊ ငှး၊ ငကြောင် | ၃၀ | ၄၄.၇% |
| | စုစုပေါင်း | ၆၇ | ၁၀၀% |

ဥစ္စာဓနကြွယ်ဝမှုသုံးသပ်ရာတွင် ဝမ်ဗလကျေးရွာသည် အဆင့်(က)၊အဆင့်(ခ) နှင့် အဆင့်(ဂ)ဟူ၍အဆင့်(၃)ဆင့်ရှိပါသည်။ဝမ်ဗလကျေးရွာသည် အဆင့်(က)တွင်အိမ်ထောင်စု(၃) ရှိပါသည်။၄င်းအိမ်ထောင်စုများတွင် ပျဉ်ထောင်၊ကား၊စက်လှေ၊ထွန်စက်၊ထော်လာဂျီ၊ဈေးဆိုင်၊ ဖုန်း၊ ကျွဲ၊နွား(၁၀)ကောင်အထက်၊ တောင်ယာလယ်ယာများ ၊နွား၊ လှည်း၊ ဝက်၊ ကြက်၊ အိမ်ထောင်ပရိဘောဂ အပြည့်အစုံရှိပြီးစားဝတ်နေရေးဖူလုံ၍ ငွေပိုများစုဆောင်းနိုင်သည်။(ခ)အဆင့်တွင်(၃၄)အိမ်ရှိပြီး ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊စက်ဘီး၊တီဗွီ၊ဖုန်း၊ကြက်၊ဝက်၊နွားများပိုင်ဆိုင်ကြပြီး တစ်နှစ်ပါတ်လုံးစားရေး သောက်ရေးဖူလုံမှုရှိပါသည်။အဆင့်(ဂ)အိမ်ထောင်စုများတွင်(၃၀)အိမ်ရှိပြီးတစ်နှစ်ပါတ်လုံးစားရေးဖူလုံမှုမရှိ ၍ ကြုံရာကျပန်းလုပ်ကိုင်ခြင်း၊ ငွေချေးယူခြင်းတို့ဖြင့်ဖြေရှင်းကြသည်။ထိုအိမ်ထောင်စုများသည် ပျဉ်ခင်းနှင့် ဝါးထရံကာအိမ်ရှိပြီး၊ တောင်ယာ(၂)ဧက၊ ကြက်အနည်းငယ်တို့ကိုပိုင်ဆိုင်ကြသည်။ ထိုအဆင့်(ဂ) အိမ်ထောင်စုများသည်အရင်းအနှီးမရှိခြင်း၊ နေ့စဉ် အလုပ်အကိုင်ပုံမှန်မရှိ၍ ပုံမှန်ဝင်ငွေမရှိခြင်း အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းနှင့် ဒေသထွက်ကုန်အတွက် ဈေးကွက်မရှိခြင်းတို့ကြောင့်မပြည့်စုံရခြင်း ဖြစ်သည်။

(ဂ)ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)






ဝမ်ဗလကျေးရွာနေထိုင်သူများသည် အရင်းအမြစ်များသုံးစွဲရာတွင်အမျိုးသားများက ကျွဲ၊နွား၊ကား၊ထွန်စက်၊စက်လှေ၊ထော်လဂျီ၊နွားလှည်းစသည်များကိုသုံးစွဲပြီးအိမ်တွင်းအရင်းအမြစ်များအားအမျိုးသမီးများပိုမိုသုံးစွဲ ကြပါသည်။ စာသင်ကျောင်း၊ ဆိုင်ကယ်၊အိမ်၊ဖုန်း၊လယ်ယာ၊အိမ်ထောင်ပရိဘောဂနှင့်သစ်တောတို့ကိုအမျိုးသားနှင့်အမျိုးသမီးများတန်းတူအသုံးပြုကြပါသည်။

အရင်းအမြစ်ထိမ်းချုပ်ရာတွင် ကျွဲ၊နွား၊ကား၊ထွန်စက်၊စက်လှေ၊ထော်လဂျီ၊နွားလှည်းဆိုင်ကယ်၊အိမ်၊သစ်တောစသည်များကိုအမျိုးသားများမှထိန်းချုပ်မှုပြုလုပ်ပြီး၊ အိမ်တွင်းမှုဖြစ်သောအပ်ချုပ်စက်များနှင့်ဈေးဆိုင်များအားအမျိုးသမီးများမှ ထိန်းချုပ်ထားပါသည်။စာသင်ကျောင်း၊လယ်နှင့် ဖုန်းတို့ကိုအမျိုးသားနှင့်အမျိုးသမီးတိုင်ပင်ညှိနှိုင်းထိန်းချုပ်ပါသည်။

(ယ)ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



**ကျားမရေးရာသုံးသပ်ချက်(ပင့်ကူအိမ်သုံးသပ်ချက်)**

အဖွဲ့(၂)ဖွဲ့ခွဲကာဖော်ထုတ်ရာတွင်အောက်ပါအချက်များရရှိခဲ့ပါသည်။(၁)ကျန်းမာရေးဆိုင်ရာလက်လှမ်းမှီမှု (၂) အိမ်မှုကိစ္စ(၃)အဖွဲ့အစည်းများတွင်ပါဝင်မှု (၄) ဦးဆောင်မှု၊ (၅)ဝင်ငွေရရှိမှု(၆)ပညာသင်ခွင့်နှင့် (၇)အမွေရပိုင်ခွင့်များထွက်ရှိခဲ့ပါသည်။ ကျေးရွာတွင် အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင်သာအမျိုးသားများထက် ပိုမိုလုပ်ဆောင် ရသော်လည်းဝင်ငွေရရှိသောလုပ်ငန်းဖြစ်သည့် နှမ်းစိုက်ပျိုးခြင်း၊ စပါးစိုက်ရာသီတွင်အမျိုးသားနှင့် အမျိုးသမီးများပူးပေါင်းလုပ်ဆောင်ကြ၍ ဝင်ငွေရရှိမှုမှာအနည်းငယ်သာကွာခြားသည်။ထို့ပြင် ပညာသင်ခွင့်၊ အမွေရပိုင်ခွင့်၌လည်းအမျိုးသား၊ အမျိုးသမီးမခွဲခြားပဲတန်းတူအခွင့်အရေးရရှိပါသည်။ရပ်ရေးရွာရေးကိစ္စရပ်များ၊သာရေးနာရေးကိစ္စရပ်များတွင် အမျိုးသားများနှင့်အတူအမျိုးသမီးများလည်းပူးပေါင်းပါဝင်ဦးဆောင်ကြသည်။

## (င) ရာသီခွင်ပြဇယား




ဝမ်ဗလကျေးရွာရှိကျေးရွာသူ/သားများ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ နမ်းနှင့်စပါး စိုက်ပျိုးခြင်းဖြစ်ပြီးနမ်းစိုက်ပျိုးခြင်းကိုကဆုန်လတွင်စတင်စိုက်ပျိုးကြပြီးသီတင်းကျွတ်လတွင်ရိတ်သိမ်း သည်။ စပါးကိုမူဝါဆို/ဝါခေါင်လတွင်စတင်စိုက်ပျိုး၍သီတင်းကျွတ်လတွင်သာ ရိတ်သိမ်းသည်။ ထိုကာလများ၌လုပ်ငန်းများထပ်သောကြောင့် အားလပ်ရက်မရှိပါ။ တစ်နှစ်ပတ်လုံးနီးပါးအလုပ်လုပ် သော်လည်း ဝင်ငွေများသောလမှာ (၂)လသာရှိပြီး သီတင်းကျွတ်လနှင့်တန်ဆောင်မုန်းလတွင်သာ နမ်းရောင်းဝယ်ခြင်းဖြင့် ဝင်ငွေအကောင်းဆုံးလဖြစ်ပါသည်။ ဆန်စပါးကိုမူစားသုံးရန်လုံလောက်ရုံသာ စိုက်ပျိုးကြသည်။ ဝမ်ဗလကျေးရွာရှိမိသားစုများသည် ဗုဒ္ဓဘာသာကိုးကွယ်သက်ဝင်သူများ ဖြစ် သည့်အားလျော်စွာပွဲတော်ကာလမှာတန်ခူး၊ ကဆုန်၊ဝါဆို၊ဝါခေါင်၊ တော်သီလင်း၊ သီတင်းကျွတ် တန်ဆောင်တိုင် နှင့် တပို့တွဲတို့တွင် ကျင်းပပြုလုပ်ကြသည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ကိုနတ်တော်လတွင် ကျင်းပပြီး၊ တန်ခူးလတွင် မဟာသင်္ကြန်ပွဲတော်၊သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တော်သီတင်းလတွင် ဆွမ်းတော်ကြီးပွဲတော်များ၊ တန်ဆောင်တိုင်လတွင် ကထိန်ပွဲတော် နှင့် တပို့တွဲလတွင် ထမင်းနဲပွဲတော်များကျင်းပကြပါသည်။လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဝမ်ဗလ-ရွာသစ်လမ်းမှာ မြေသားလမ်းသာဖြစ်သည့်အတွက် မိုးတွင်းကာလအတောအတွင်းသွားလာရခက်ခဲမှုကို ကြုံရသည်။


**(စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်**




ဝမ်ဗလကျေးရွာတွင် ကျေးရွာ၏ဖွံ့ဖြိုးရေးသာရေးနာရေးစသောရပ်ရေးရွာရေးကိစ္စရပ်များအတွက် ကျေးရွာလူထုများမှဖွဲ့စည်းထားသောအဖွဲ့များနှင့် ကျေးရွာပြင်ပမှ လာရောက်လုပ်ဆောင်သောအဖွဲ့ပေါင်း ( ၉ ) ဖွဲ့ရှိသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ သာသနာရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ကျန်းမာရေးကော်မတီစသောအဖွဲ့များမှာကျေးရွာလူထုများကိုယ်တိုင် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပြီးရပ်ရေးရွာရေးအတွက်အဖွဲ့များ အချင်းချင်းချိတ်ဆက်ကာကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။ ရပ်ရွာအကြံပေးအဖွဲ့၊ ကလလတ၊ SCI၊ IOMနှင့် မြစိမ်းရောင် စသော အဖွဲ့များသည် ကျေးရွာပြင်ပမှလာရောက်ကာကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ကဏ္ဍအလိုက်ကျေးရွာကော်မတီများဖွဲ့စည်းကာဆောင်ရွက်ခြင်းစသည့်နည်းလမ်းအသီးသီးတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






ဝမ်ဗလကျေးရွာမှ ရွာသစ်မြို့သို့သွားရာလမ်းမှာမိုးတွင်းအခါတွင် လမ်းချော်ခြင်းများရှိသဖြင့် သွားလာရခက်ခဲမှုဖြစ်စေသည်။ ရွာတွင်မူလတန်းလွန်ကျောင်းသာရှိ၍ စာသင်ဆောင်မလုံလောက်သည့် အပြင်မြို့သို့သွားရောက်၍ အလယ်တန်းပညာဆက်လက် သင်ယူရန်စီးပွားရေးအဆင်မပြေသဖြင့် ကျောင်းဆက်လက်မတက်နိုင်မှုများရှိသည်။ရွာတွင်မူကြိုမရှိ၍ကလေးငယ်များအားလုပ်ကိုင်စားသောက်ရာ တောင်ယာမြေများသို့ခေါ် သွားရသည့်အခါ အလုပ်အကိုင်နှောင့်နှေးမှု၊ ပုံမှန်ဝင်ငွေရရှိသည့်အလုပ် အကိုင်ရှားပါးမှု၊ အလုပ်အကိုင်အဆင်မပြေမှုများကြောင့်ဝင်ငွေနည်းပါး၍ မလုံလောက်မှုများကြုံရသည်။ ထို့ပြင်ကျေးရွာတွင် အစည်းအဝေးများပြုလုပ်ရန်နေရာမရှိခြင်း၊ဆက်သွယ်ရေးဖုန်းလိုင်းအဆင်မပြေခြင်း၊ ကျေးရွာလူထုမှ အားကစားလုပ်ရန်ကွင်းနေရာမရှိခြင်း၊ လမ်းခါတ်မီးတိုင်များကျိုး၍ နောင်တွင်မီးအခက်အခဲ ရှိနိုင်သည့် အခက်ခဲများရှိနေသည်။

### (၈) မျှော်မှန်းချက်










နောင်လာမည့်(၅)နှစ်အတွင်းဝမ်ဗလကျေးရွာသည် ရွာမှရွာသစ်သို့သွားရာလမ်းအဆင်ပြေ၍ ကတ္တရာလမ်းဖြစ်မြောက်စေရန်၊ ဆက်သွယ်ရေးလိုင်းများကောင်းမွန်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန်၊လမ်းမီးများရရှိစေရန်၊ ကျောင်းသား/သူများစာသင်ကြားရာတွင်အဆင်ပြေစေရန် ကျောင်းဆောင်များလုံလောက်စေရန်၊ ကျောင်းသား/သူများပညာရေးမြင့်မားလာစေရန်၊ အစည်းအဝေး များပြုလုပ်ရန်နေရာများအဆင်ပြေလာစေရန်၊ မူကြိုကျောင်းရှိလာစေရန် ရွာသစ်မြို့သို့သွားရန် လမ်းတစ်လျောက်ရှိတံတားများကောင်းမွန်လာစေရန်၊ကျိုးနေသောဓါတ်မီးတိုင်များပြန်လည်ကောင်းမွန်လာ စေရန်၊အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာစေရန် မျှော်မှန်းထားကြသည်။

ဝမ်ဗလကျေးရွာသည် လာမည့်(၅)နှစ်အတွင်းလူထု၏အခြေခံလိုအပ်မှုဖြစ်သော ကျန်းမာရေး ဝန်ဆောင်မှု၊ ပညာရေးအဆောက်အဦးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပုံမှန်ဂင်ငွေရရှိ စေနိုင်သော အလုပ်အကိုင်ခွင့်အလမ်းနှင့် လျှပ်စစ်မီးပုံမှန်ရရှိမှုများ ဖြစ်ပေါ်လာမည်။

### (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း







အောက်ပါဦးစားပေးလုပ်ငန်းများမှာဝမ်ဗလကျေးရွာသူ/သားများမဲပေးစနစ်ဖြင့်ရွေးချယ်ထားသောလုပ်ငန်းများဖြစ်သည်။

- ❖ ဦးစားပေး (၁)မူကြိုကျောင်းဆောက်လုပ်ခြင်း
- ❖ ဦးစားပေး (၂)အားကစားကွင်းဖောက်လုပ်ခြင်း
- ❖ ဦးစားပေး (၃)ခန်းမဆောင်ပြုပြင်တိုးချဲ့ခြင်း

❖ ဦးစားပေး (၄)ဆက်သွယ်ရေးဖုန်းလိုင်း
❖ ဦးစားပေး (၅)အလယ်တန်းကျောင်းအဖြစ်တိုးမြှင့်ခြင်း
❖ ဦးစားပေး (၆)လမ်းမီးတိုင်ပြုပြင်ခြင်း
❖ ဦးစားပေး (၇)စိုက်ပျိုးရေးနည်းပညာသင်တန်း
❖ ဦးစားပေး (၈)အလုပ်အကိုင်အခွင့်အလမ်း
❖ ဦးစားပေး (၉)လမ်း/တံတားပြုပြင်ခြင်း
❖ ဦးစားပေး (၁၀)မွေးမြူရေးအသိပညာပေးသင်တန်း

**၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ**





## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးအောင်မြင့် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၂ | ဒေါ်အေးချို | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၃ | ဦးသန်းစိုးအောင် | ငွေစာရင်းကိုင် | |
| ၄ | ဦးထူးချွန် | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ငွေခင် | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးတင်ဝင်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်မြအေး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးပန်းစိန် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ဝါဝါအေး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးထွန်းအေး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်မြစိန် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဦးအောင်သန်းထိုက် | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်အိအိအောင် | စေတနာ့ဝန်ထမ်း | |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးခိုင်ဇော်ဝင်း | 09 780510698 | | ဦးဝင်းမြင့်ဦး CF |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု လွယ်ခိုင် | ကျေးရွာ ဝမ်ဗလ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၅၂ | ဘာသာ (၁) ---ဗုဒ္ဓ----- | ၅၇ |
| လူမျိုးစု (၂) ---ကယား--- | ၁၀ | ဘာသာ (၂) --ဗုဒ္ဓ------- | ၁၀ |
| လူမျိုးစု (၃) ---ဗမာ----- | ၁ | ဘာသာ (၃) --ဗုဒ္ဓ------ | ၁ |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ ယောက် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၄၅ | ၁၃၁ |
| လူမျိုးစု (၁)--ရှမ်း---- | ၁၃၅ | ၁၁၇ |
| လူမျိုးစု (၂)--ကယား-- | ၈ | ၁၄ |
| လူမျိုးစု (၃)--ဗမာ---- | ၂ | - |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၃ | ၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် မူလွန် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် အလယ်ပြ (၃), မူပြ (၃) ကျောင်းအုပ် (၁) | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း

မော်တော်ဆိုင်ကယ်လမ်း

(ကျောက်ခင်းလမ်း) + (မြေသားလမ်း)　　လူသွားလမ်း　　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　(ရှိပါသည်)/~~မ~~ရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃-၂ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၁ နာရီ-----
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် -----၁း၃၀ နာရီ-------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ (circled) ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Save the children, ~~IOM~~

(၂) IOM, [illegible], [illegible]အဖွဲ့, ဘာသာရေးအဖွဲ့အစည်း

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစိုးနိုင်ထွန်း

လက်မှတ် [signature] နေ့စွဲ ၂၆.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးဝင်းမြင့်ဦး

လက်မှတ် [signature] နေ့စွဲ ၂၆.၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ကြေကြေဦး | | | | | | |
| နေ့စွဲ | 28.7.2017 | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/~~တိုင်း~~ | ကယား | မြို့နယ် | ဘောလခဲ | ကျေးရွာအုပ်စု | သွယ်ဒိုင်း | ကျေးရွာ | ဝမ်ဗုလ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.7.17 | 26.7.17 | 41 | 22 | 63 | ရှမ်း - 54 / ဗမာ - 7<br>ကယား - 18 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.7.17 | 27.7.17 | 40 | 26 | 66 | ကယား - 19<br>ရှမ်း - 46 / ဗမာ - 7 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 5.2.17 | 5.2.17 | 10 | 7 | 16 | ကယန်း - 7<br>ကယား - 4 / ရှမ်း - 5 / ကရင် - 2 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 10.2.17 | 10.2.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 26.3.2017 | 26.3.17 | 24 | 15 | 34 | ကယား - 8<br>ရှမ်း - 31 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 26.3.17 | 26.3.17 | 5 | 6 | 11 | ရှမ်း | 11 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 26.3.17 | 26.3.17 | 5 | 5 | 10 | ရှမ်း | 10 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 26.3.17 | 26.3.17 | 5 | 5 | 10 | ရှမ်း | 10 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 26.3.17 | 26.3.17 | 5 | 5 | 10 | ရှမ်း | 10 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေကေဦး | | | |
| နေ့စွဲ ၂၈.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | ဘောလခဲ မြို့နယ် | ကျေးရွာအုပ်စု လွယ်ဝိုင်း | ကျေးရွာ ဝမ်ဗလ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဖုန်းလိုင်းမရှိသည့်အတွက်ဆက်သွယ်ရေးခက်ခဲခြ | ၁ | ကျေးရွာဖုန်းလိုင်းမရှိသည့်အတွက်ဆက်သွယ်ရေး ခက်ခဲခြင်း |
| ၂ | ကျောင်းဆောင်များလုံလောက်မှုမရှိခြင်း | ၃ | အလယ်တန်းကျောင်း မရှိခြင်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း | ၄ | ကျေးရွာဘောလုံးကွင်းမရှိခြင်း |
| ၄ | ကျေးရွာခန်းမမရှိခြင်း | ၅ | အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း |
| ၅ | လမ်းမကောင်းသောကြောင့်လမ်းပန်း ဆက်သွယ်ရေးမလွယ်ကူခြင်း | ၆ | အသက်(၅)နှစ်အောက်ကလေးများအတွက် မူကြိုကျောင်းမရှိခြင်း |
| | | ၇ | လမ်းမကောင်းသောကြောင့်လမ်းပန်း ဆက်သွယ်ရေးမလွယ်ကူခြင်း |
| | | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းများပြုပြင်တည်ဆောက်ပေးရန် | ၁ | (၅)နှစ်အောက်ကလေးများအတွက်မူကြိုကျောင်းရရှိ |
| ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် | ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် |
| ၃ | ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိစေရန် | ၃ | အခြေခံမူလတန်းကျောင်းအဆင့်မှအခြေခံ အလယ်တန်းကျောင်းသို့တိုးမြှင့်ရန်မျှော်လင့်ခြင်း |
| ၄ | ကျေးရွာလူထုစည်းဝေးရန်ကျေးရွာခန်းမရရှိရန် | ၄ | အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် |
| ၅ | | ၅ | ဓါတ်တိုင်များပြုပြင်တပ်ဆင်ပေးရန် |
| | | ၆ | ကျေးရွာဘောလုံးကွင်းတည်ဆောက်ပေးရန် |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသား | 7237000 | 276 |
| ၂ | မူကြိုကျောင်း ဆောက်လုပ်ခြင်း | အမျိုးသမီး | - | 276 |
| ၃ | ဘောလုံးကွင်း တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | - | 276 |
| ၄ | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | " | - | 276 |
| ၅ | ဓါတ်တိုင်ပြုပြင်တပ်ဆင်ခြင်း | အမျိုးသမီး | - | 276 |
| ၆ | တံတား/လမ်း ပြုပြင်ခြင်း လုပ်ငန်း | အမျိုးသား + အမျိုးသမီး | - | 276 |
| | | | | |
| | | | | |
| | | | | |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုး မွေး မြူရေး သင်တန်း | အမျိုးသား | စိုက်ပျိုးရေး |
| ၂ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးခြင်း | အမျိုးသား+အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးအောင်မြင့်--- လက်မှတ် ---[signature]--- နေ့စွဲ ---၂၈-၁-၂၀၂၁---

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)


**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | | | |
| နေ့စွဲ ၆.၂.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကလေး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| [illegible] | ရေပိုက်လိုင်းတိုးချဲ့သွယ်တန်းခြင်း + မြေသားလမ်းဖောက်လုပ်ခြင်း | 4350' / 720' | 281 | □ ကျား □ မ ☑ ကျား+မ | 5930000 / 930000 | – | – \| – | 6860000 |
| [illegible] | ရေပိုက်လိုင်းတိုးချဲ့သွယ်တန်းခြင်း + မြေသားလမ်းဖောက်လုပ်ခြင်း | 4875' / 500' | 102 | □ ကျား □ မ ☑ ကျား+မ | 6230000 / 743000 | – | – \| – | 6973000 |
| [illegible] | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | 40'×24'×12' | 276 | ☑ ကျား □ မ □ ကျား+မ | 7237000 | | \| | 7237000 |
| | | | | □ ကျား □ မ □ ကျား+မ | | | \| | |
| | | | | □ ကျား □ မ □ ကျား+မ | | | \| | |

ရေထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ ၅.၂.၂၀၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



ပထမ အကြိမ် ကျေးရွာ အစည်းအဝေး

နွယ်ခိုင်း ကျေးရွာ အုပ်စု

ဝမ်ပလ ကျေးရွာ

နေရာ - ဝမ်ပလ ကျေးရွာ ဘုန်းကြီးကျောင်း

ဦးဆောင်ဆွေးနွေးသူ - ဦးဝင်းမြင့်နိုး ၊ ဦးအောင်ကျော်မိုး

ရက်စွဲ - ၂၆.၁.၂၀၁၇

အချိန် - နံနက် (၉) နာရီမှ ညနေ (၄) နာရီထိ။

တက်ရောက်သူ - ကျား (၄၀) ယောက်

မ (၂၃) ယောက်

ဆွေးနွေးသည့် အကြောင်းအရာ

- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သော "လူထုဗဟိုပြုစီမံကိန်း" ၏ ပထမ အကြိမ် ကျေးရွာ အစည်းအဝေးကို ဝမ်ပလကျေးရွာတွင် ပြုလုပ်ကျင်းပရာ တာဝန်ကျ စီမံကိန်းဝန်ထမ်းများမှ စီမံကိန်း အကြောင်းအကျဉ်းချုပ် မိတ်ဆက်ခြင်း ဖြင့် စတင်ခဲ့ပါသည်။ ဆက်လက်ပြီး အဖွဲ့အစည်း အရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခိုင်နော်ခမ်းမှ အမှာစကား ပြောကြားရာ အစည်းအဝေး တွင်တက်ကြွစွာ ပူးပေါင်းပါဝင်ဆွေးနွေးကြရန် ကျေးရွာသူ/သား များအား တိုက်တွန်းဆွေးနွေးသွားပါသည်။

ဆက်လက်၍ စီမံကိန်းစက်ဝန်း အကြောင်းမိတ်ဆက် ရှင်းပြ ဆောင်ရမည့် လုပ်ငန်း အဆင့်ဆင့်ကို ကျေးရွာလူထုအား ရှင်းလင်း တင်ပြခြင်း

- စီမံကိန်းတွင် ရွေးချယ်ခံ့ အပ်မည့် ကော်မတီများ၏ တာဝန်
နှင့် ဝတ္တရားများကို ရှင်းလင်းခြင်း

- ပထမဦးဆုံး ကော်မတီဝင်များ အနက် ကျေးရွာစေတနာ့ဝန်ထမ်း
(၂) ဦးကို မဲပေးစနစ်ဖြင့် ရွေးချယ်မည်ဖြစ် ကြောင်း
အမျိုးသား (၁) ဦး၊ အမျိုးသမီး (၁) ဦး အဆိုတင်သွင်း
ခိုင်းကြောင်း နှင့် မဲပေးပုံ မဲပေးနည်းစနစ်ကို ရှင်းလင်း
တင်ပြပါသည်။

- စေတနာ့ဝန်ထမ်း အဖြစ် ရွေးချယ်ခံရသူများမှာ

အမျိုးသား - ဦးအောင်သန်းထိုက်

အမျိုးသမီး - ဒေါ် အိအိအောင်

- ကျေးရွာသူ/သားများ ပူးပေါင်း၍ လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း

* လူမှုရေးအရင်းအမြစ်ပြ မြေပုံရေးဆွဲခြင်း နှင့် ဆန်းစစ်ခြင်း
* ချမ်းသာကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း နှင့် ဆန်းစစ်ခြင်း
* ရာသီဥတုပြ ပြက္ခဒိန် ရေးဆွဲခြင်းနှင့် ဆန်းစစ်ခြင်း
* ပိုင်ဆိုင်မှု သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း
* ပင့်ကူအိမ် သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း
* ဗင်းပုံစံ ဆွေးနွေးခြင်း နှင့် သုံးသပ်ခြင်း

- အစည်းဝေး ရုပ်သိမ်းခြင်း

(signature)

မှတ်တမ်းတင်သူ

ဒေါ်ကေကေခိုင်

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး

ဝမ်ပလကျေးရွာ　　　　　　လွယ်ဝိုင်းကျေးရွာအုပ်စု

နေရာ - ဝမ်ပလ ကျေးရွာဘုန်းကြီးကျောင်း

ဦးဆောင်ဆွေးနွေးသူ - ဦးဝင်းမြင့်ဦး ၊ ဦးအောင်ကျော်မိုး

ရက်စွဲ - ၂၇.၁.၂၀၁၇

အချိန် - နံနက် (၈) နာရီ မှ ညနေ (၃) နာရီထိ

တက်ရောက်သူ - ကျား (၄၀) ယောက်
　　　　　　　မ (၂၆) ယောက်

- လူမှုဆန်းစစ်ခြင်း ရလဒ်များ အပေါ် ကျေးရွာလူထုတစ်ဦး မှ ပြန်လည်တင်ပြခြင်း နှင့် ဆွေးနွေးခြင်း

- ဆက်လက်၍ ကျေးရွာ၏ အခက်အခဲ များ ၊ မျှော်မှန်းချက်များ ကျေးရွာဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ခြင်း

- အဓိကအရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲပေးစနစ်ဖြင့် ရွေးချယ်ရာ

ဦးစားပေး (၁) မူကြိုကျောင်းဆောက်လုပ်ခြင်း
　　　　(၂) ဘောလုံးကွင်း
　　　　(၃) ခန်းမဆောင်တိုးချဲ့ခြင်း
　　　　(၄) ဆက်သွယ်ရေးဖုန်းလိုင်း
　　　　(၅) အလယ်တန်းကျောင်းတိုးမြှင့်ရန်

ဦးစားပေး (၆) မီးတိုင်များ ပြုပြင်ခြင်း

(၇) စိုက်ပျိုးရေး နည်းပညာသင်တန်း

(၈) အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်

(၉) လမ်း/တံတား ပြုပြင်ခြင်း

(၁၀) မွေးမြူရေးပညာပေးသင်တန်း ဟူ၍ ရွေးချယ်ကြသည်။

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်းတွင် အကျိုးဝင်သောလုပ်ငန်း အကျိုးမဝင်သောလုပ်ငန်းများ၊ ရံပုံငွေ ထောက်ပံ့မှု ဆိုင်ရာစံနှုန်းများ၊ အကာအကွယ်များ အကြောင်း ရှင်းလင်းတင်ပြခြင်း

- ကော်မတီများ ရွေးချယ်ရန် အတွက် မရွေးချယ်မီ တာဝန်ဝတ္တရားများနှင့် မဲပေးပုံ ပေးနည်းအား ရှင်းလင်းခြင်း

ကော်မတီဝင်များအား မဲပေးစနစ်ဖြင့် ရွေးချယ်ရာ အောက်ပါသူများ ရွေးချယ်ခံရသည်။

ဝယ်ဗလ ကျေးရွာကော်မတီစာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးအောင်သန်းထိုက် | စေတနာ့ဝန်ထမ်း |
| ၂။ | ဒေါ်အိအိအောင် | " |
| ၃။ | ဦးအောင်မြင့် | ကျေးရွာစီ/ထောက်ကူညီ |
| ၄။ | ဒေါ်အေးချို | " |
| ၅။ | ဦးထူးချွန် | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆။ | ဒေါ်ငွေခင် | " |


| စဉ် | အမည် | တာဝန် |
| --- | --- | --- |
| ၇။ | ဦးပန်းခိုင် | လည်ပတ်ထိန်းသိမ်းရေး |
| ၈။ | ဒေါ်ဝါဝါအေး | ။ |
| ၉။ | ဦးသန်းစိုးအောင် | ကျေးရွာစာရင်းကိုင် |
| ၁၀။ | ဦးတင်ဝင်း | စောင့်ကြည့်ကြီးကြပ်ရေး |
| ၁၁။ | ဒေါ်မြအေး | ။ |
| ၁၂။ | ဦးထွန်းအေး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃။ | ဒေါ်မြခိုင် | ။ |

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် (VDP) ပုံစံ၊ အုပ်စု
အစည်းအဝေး နှင့် အုပ်စုကော်မတီဖွဲ့စည်းပုံ အကျဉ်းချုပ်
အား တင်ပြဆွေးနွေးခြင်း

- အစည်းအဝေး အားရုတ်သိမ်းခြင်း

ဒေါ်ကြေကြေခိုင် (CF)
မှတ်တမ်းတင်သူ

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ခန်းမဆောင်တိုးချဲ့ဆောက် | အမျိုးသား | ဇန်နဝါရီ/၂၀၁၇ | ကျေးရွာလူထု | - |
| | ၂ | လုပ်ခြင်း | | | | - |
| | ၃ | မူကြိုကျောင်းဆောက်လုပ် | အမျိုးသမီး | " | " | - |
| | ၄ | ဘောလုံးကွင်း | အမျိုးသား + အမျိုးသမီး | | - | - |
| | ၅ | တံတား/လမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | " | - | - |
| | ၆ | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | အမျိုးသမီး | " | - | - |
| အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေး | ၁ | စိုက်ပျိုးမွေးမြူရေးသင်တန်း | အမျိုးသား | " | - | - |
| | ၂ | အလုပ်အကိုင်အခွင့်အလမ်း | အမျိုးသား + | " | - | - |
| | ၃ | ဖန်တီးခြင်း | အမျိုးသမီး | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ဓါတ်တိုင်မြှင့်ပြင်တပ်ဆင် | အမျိုးသမီး | " | - | - |
| | ၂ | ခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |